## သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

### ၉။ပွဲတော်များ

**ပထမပတ်**

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - "မ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း<br>- "မ"ဗျည်းအသံနှင့် အမည် ရွတ်ဆိုခြင်း<br>- "မ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "မ" ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - တိုင်းရင်းသား အလှစုပေါင်းက (ပုံပြင်)ကို ကြည့်၍ကလေး များအား ပြောစေခြင်း။<br>- "မ"ဗျည်း(ကဗျာ) ရွတ်ဆိုခြင်း<br>- "မ"ဗျည်းအသံ နှင့်အမည် ရွတ်ဆိုခြင်း<br>- "မ"အက္ခရာစာ လုံးဆက်စပ်ခြင်း<br>- "မ"ဗျည်းကို ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - သီတင်းကျွတ် ရောက်ပြီ (ပုံပြင်) ပါရုပ်ပုံများကို ကြည့်၍ ပြောစေခြင်း<br>- "ဖ"ဗျည်း(ကဗျာ) ရွတ်ဆိုခြင်း<br>- "ဖ"ဗျည်းအသံ နှင့်အမည် ရွတ်ဆိုခြင်း<br>- "ဖ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဖ"ဗျည်း အက္ခရာ ကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဖ"ဗျည်း(ကဗျာ) ရွတ်ဆိုခြင်း<br>- "ဖ"ဗျည်း အသံနှင့်အမည် ရွတ်ဆိုခြင်း<br>- "ဖ"ဗျည်း အက္ခရာစာလုံး ဆက်စပ်ခြင်း<br>- "ဖ"ဗျည်းကို ကူးရေးခြင်း<br>- သီတင်းကျွတ် ရောက်ပြီ (ပုံပြင်) စာအုပ်ကို ကလေးများ၏ ထင်မြင်ချက်ကို ပြောစေ ခြင်း<br>(ပြောဆိုဆက်သွယ်) | - "မ၊ ဖ"ဗျည်း (ကဗျာ) ရွတ်ဆိုခြင်း၊<br>- သင်ခဲ့ပြီးသော ဗျည်းစာလုံး များကိုအသံ နှင့် အမည် ရွတ်ဆိုခြင်း<br>- ဘင်ဂို ကစား နည်းဖြင့် ကစား ခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - "A"အက္ခရာကို ရွေးချယ်ခြင်း<br>- "A"အက္ခရာကို အစက်များ ပေါ်တွင် ထပ်ရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "A"အက္ခရာကို လေးကြောင်း မျဉ်းတွင် ရေးဆွဲခြင်း<br>- "Good Morning" ကဗျာ ရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "E"အက္ခရာ ရွေးချယ်ခြင်း<br>- "E"အက္ခရာကို အစက်များ ပေါ်ထပ်ပြီး ရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "E"အက္ခရာကို လေးကြောင်း မျဉ်းတွင် ရေးဆွဲခြင်း<br>- "ABCD"သီချင်း သီဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "F"အက္ခရာ ရွေးချယ်ခြင်း<br>- "F"အက္ခရာကို အစက်များ ပေါ်ထပ်ပြီး ရေးခြင်း<br>(ပြောဆိုဆက်သွယ်) |

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁:၁၅-၁၁:၄၅ | - မိသားစု၊ အိမ်၊ ရပ်ရွာတွင် ကျင်းပသော ပွဲများကို နှစ်ယောက်တစ်တွဲ ဆွေးနွေး၍ အတန်းသို့ တင် ပြခြင်း<br>- အိမ်၊မိသားစု နှင့်ရပ်ရွာရှိ ပွဲတော်များကို ခွဲခြားခြင်း (စာရိတ္တ၊ မိတ္တ) | - မွေးနေ့ပွဲကျင်းပခြင်းအကြောင်း အမေးအဖြေပြုလုပ်ခြင်း၊<br>- စိတ်ကူးလက် ဆောင်ပေးခြင်း ကစားနည်းဖြင့် ကစားခြင်း<br>- (စာရိတ္တ၊ မိတ္တ) | - ၁၀ထိကိန်းများကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ရေးခြင်း (သင်္ချာ) | - ဘုရားပွဲတော် သွားစို့နော်ကဗျာ ရွတ်ဆိုခြင်း<br>- ဒေသတွင်း ကျင်းပသော ပွဲတော်များကို ဆွေးနွေးခြင်း (ပတ်ဝန်းကျင် လောက) | - ဆွေဆွေနှင့် ပွဲဈေးတန်း ပုံပြင်ကို အသုံးပြု၍မိမိ အားအကူအညီ ပေးနိုင်မည့် သူများကို ဆွေးနွေးခြင်း (ကိုယ်စိတ် နှစ်ဖြာ) |
| ၁၁:၄၅-၁၂:၁၅ | - အားလုံး ညီညွတ်တယ် ကဗျာ ရွတ်ဆိုခြင်း<br>- ၁၀ကိန်းကို ရေတွက်ခြင်း (သင်္ချာ) | - ပျော်ရွှင်စရာ မွေးနေ့ကဗျာ ရွတ်ဆိုခြင်း<br>- အုပ်စုဖွဲ့၍ ဖိတ်စာ၊ဦးထုပ်၊ လက်ဆောင် ပြုလုပ်ခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - ယခင်နေ့ကပြုလုပ်ခဲ့သောပစ္စည်းများကိုအသုံးပြု၍ မွေးနေ့ရထား ကစားခြင်းနည်း ဖြင့်မွေးနေ့ပွဲကို သရုပ်ဖော်ခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - ဒေသတွင်း ပွဲတော်များတွင် ရောင်းချသော အစားအစာများ ကိုဖော်ထုတ်ခြင်း<br>- စားသင့်သော အစားအစာနှင့် မစားသင့်သော အစားအစာများ ကစားနည်းဖြင့် ခွဲခြားခြင်း (ပတ်ဝန်းကျင် လောက) | - ၁၂ကိန်းကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (သင်္ချာ) |
| ၁၃:၃၀-၁၄:၀၀ | - အလှူပွဲ ကဗျာကို ဟန်အမူအရာ ဖြင့်ရွတ်ဆိုခြင်း (အနုပညာရသ) | -အုပ်စုဖွဲ့၍ ဖိတ်စာ၊ဦးထုပ်၊ လက်ဆောင် ပြုလုပ်ခြင်း၊ အရောင် ခြယ်ခြင်း (အနုပညာရသ) | - မွေးနေ့ကိတ်ပုံ၊ လက်ဆောင် ပစ္စည်းပုံရေးဆွဲ၍ အရောင်ခြယ်ခြင်း<br>- (အနုပညာရသ) | - ဘုရားပွဲတော် သွားစို့နော်ကဗျာ (သို့)ကြိုက်နှစ် သက်ရာပွဲတော် ကဗျာကို သီဆိုခြင်း (အနုပညာရသ) | - ပွဲဈေးပိုစတာမှ မိမိနှစ်သက်ရာ တစ်ခုကိုရေးဆွဲ ဆေးရောင် ခြယ်ခြင်း (အနုပညာရသ) |

DBE BOX

## သင်ခန်းစာပြင်ဆင်ရန်လျာထားချက်အကျဉ်းချုပ်

## ၉။ပွဲတော်များ

### ဒုတိယပတ်

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၉း၁၅-၁၀း၁၅ | - ဆရာကကျပန်းထောက်သောအက္ခရာ၏အသံနှင့်အမည်များကိုပြောစေခြင်း<br>- "ဗ"ဗျည်းကဗျာ၊ရွတ်ဆိုခြင်း<br>- "ဗ"ဗျည်းအသံနှင့်အမည်ကိုရွတ်ဆိုခြင်း<br>- "ဗ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း<br>- "ဗ"ဗျည်းကိုကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "ဗ"ဗျည်းပုံဖော်ကစားနည်းဖြင့်ကစားခြင်း<br>- "ဗ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း<br>- "ဗ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ဗ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း<br>- "ဗ"ဗျည်းကိုကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - သီတင်းကျွတ်ရောက်ပြီပုံပြင်ကိုဆရာကဖတ်ပြခြင်း<br>- "ရ"ဗျည်းကဗျာရွတ်ဆိုခြင်း<br>- "ရ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ရ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း<br>- "ရ"ဗျည်းကိုကူးရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - **"ရ"ဗျည်းကဗျာရွတ်ဆိုခြင်း**<br>- "ရ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း<br>- "ရ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း<br>- "ရ"ဗျည်းကိုကူးရေးခြင်း<br>- **သီတင်းကျွတ်ရောက်ပြီ(ပုံပြင်)ကိုဆရာနှင့်အတူဖတ်ခြင်း**<br>**(ပြောဆိုဆက်သွယ်)** | - "ဗ၊ရ"ဗျည်း(ကဗျာ)ရွတ်ဆိုခြင်း၊<br>- သင်ခဲ့ပြီးသော**ဗျည်းအက္ခရာများ၏**အသံနှင့်**အမည်**များကိုကျပန်းမေးမြန်းခြင်း<br>- အက္ခရာ**ကတ်**များလှည့်**ကစား**နည်းဖြင့်**ကစား**ခြင်း<br>(ပြောဆိုဆက်သွယ်) |
| ၁၀း၄၅-၁၁း၁၅ | - "F"အက္ခရာကိုလေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း<br>"Hello"ကဗျာရွတ်ဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - "H"အက္ခရာကိုရွေးချယ်ခြင်း<br>- "H"အက္ခရာကိုအစက်များပေါ်တွင်ထပ်ရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "H"အက္ခရာကိုလေးကြောင်းမျဉ်းတွင်ရေးခြင်း<br>- "ABCD" သီချင်းသီဆိုခြင်း<br>(ပြောဆိုဆက်သွယ်) | - **"I"အက္ခရာကိုရွေးချယ်ခြင်း**<br>- **"I"အက္ခရာကိုအစက်များပေါ်**တွင်ထပ်ရေးခြင်း<br>(ပြောဆိုဆက်သွယ်) | - "I"အက္ခရာကိုလေးကြောင်းမျဉ်းတွင်ရေးခြင်း<br>- အက္ခရာဆေးခြယ်ခြင်း<br>(ပြောဆိုဆက်သွယ်) |

| စာသင်ချိန် | တနင်္လာ | အင်္ဂါ | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ |
|---|---|---|---|---|---|
| ၁၁:၁၅-၁၁:၄၅ | - မနှင်းတို့အိမ် ကဗျာရွတ်ဆို၍ပွဲတော် အကြောင်း ဆွေးနွေးခြင်း<br>- စက္ကူမီးပုံးပြုလုပ်ခြင်း (ပတ်ဝန်းကျင်လောက) | - တိုင်းရင်းသား လူမျိုးများ အကြောင်းကို ရုပ်ပုံပြ၍ ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | သင်္ကြန်သီချင်း သီဆို၍ပွဲတော် အကြောင်း ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - ၁၃ထိကိန်းများ ကိုစီစဉ်ခြင်း၊ယှဉ်တွဲခြင်း၊ ရေးခြင်း<br>- (သင်္ချာ) | -တိုင်းရင်းသား အလှစုပေါင်းက ပုံပြင်(သို့) တိုင်းရင်းသား လူမျိုးများပုံကိုပြ၍ ပြည်ထောင်စုနေ့ပွဲ အကြောင်း ရှင်းလင်းခြင်း (စာရိတ္တ၊ မိတ္တ) |
| ၁၁:၄၅-၁၂:၁၅ | - ၁၃ကိန်းကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ ရေးခြင်း (သင်္ချာ) | - တိုင်းရင်းသား လူမျိုးများအမည် ပါသောသီချင်း ရွတ်ဆို၍ပွဲတော် အကြောင်း ဆွေးနွေးခြင်း (ပတ်ဝန်းကျင်လောက) | - ၁၃ကိန်းကို ရေတွက်ခြင်း၊ ဖတ်ခြင်း၊ရေးခြင်း (သင်္ချာ) | - တိုင်းရင်းသား ပွဲတော်များကို စိတ်ကူးဖြင့် စဉ်းစား၍ အလည်သွားခြင်း (ကိုယ်စိတ်နှစ်ဖြာ) | - ပင်လုံကဗျာ ရွတ်ဆိုခြင်း<br>- အမေးအဖြေ ပြုလုပ်ခြင်း (စာရိတ္တ၊ မိတ္တ) |
| ၁၃:၂၀-၁၄:၂၀ | - အုပ်စုဖွဲ့၍မီးပုံး ပြုလုပ်ခြင်း၊ ဆေးခြယ်ခြင်း (အနုပညာရသ) | - တိုင်းရင်းသား လူမျိုးပုံတစ်ပုံကို ရေးဆွဲ၍ ဆေးခြယ်ခြင်း (အနုပညာရသ) | - သင်္ကြန်သီချင်း ဖြင့်သီဆို ကပြခြင်း (အနုပညာရသ) | - တိုင်းရင်းသား ရိုးရာကဗျာ သီချင်းများ သီဆိုခြင်း (အနုပညာရသ) | - ပုံပြင်တွင် ပါသောရုပ်ပုံ များကို ရေးဆွဲခြင်း၊ အရောင်ခြယ် ခြင်း (အနုပညာရသ) |

## ပထမပတ်

တနင်္လာနေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။ "မ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"မ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းကဗျာများရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"မ"ဗျည်းအသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"မ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။
- "မ"ဗျည်း၏အမည်သည်"မ"ဖြစ်သည်။
- "မ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း
- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်းသင်ပါ။
- ဥပမာ- မမ၊ မရန်းသီး

အသေးစိတ်သင်ယူမှုရလဒ်။ ။"မ"ဗျည်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"မ"ဗျည်းကို ကူးရေးခြင်း (မိနစ် ၃၀)**

- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာများ ကူးရေးခြင်းအတိုင်းရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။Aအက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ **"A"အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ဆရာက "A" အက္ခရာကို ရေးပြပါ။
- ကလေးများအား A အက္ခရာ၏ အမည်ကို ရွတ်ဆိုပါစေ။ လိုအပ်ပါက ဆရာက A အက္ခရာ၏ အမည်ကို ပြန်ရွတ်ပြပါ။
- ဆရာက သင်ပုန်းပေါ်တွင် "A"အပါအဝင် အက္ခရာ ၅လုံးခန့်ရော၍ ရေးထားပါ။
- ကလေးတစ်ဦးအား အတန်းရှေ့သို့ထွက်စေကာ Aအက္ခရာကို ရှာ၍ဝိုင်းပါ စေ။
- ကလေးများအား လုပ်ငန်းပေးစာအုပ်ရှိ အက္ခရာများထဲမှ Aအက္ခရာကို ရွေးချယ်၍ ဝိုင်းပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"A" အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"A"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း (၁၅ မိနစ်)**

- ဆရာက ရေးနည်းအဆင့်ဆင့် ရေးထားသော "A"အက္ခရာကတ်ပြားကို အတန်းရှေ့တွင် ချိတ်ဆွဲထားပါ။
- ထို့နောက် ရေးနည်း အမှတ်စဉ်အတိုင်း အက္ခရာစာလုံးပေါ်ထပ်၍ရေးပြပြီး အက္ခရာ၏အမည်ကိုလည်း ရွတ်ဆိုပြပါ။ ၅ ကြိမ်ခန့် နမူနာ လုပ်ပြပါ။
- ဆရာက ရေးနည်းအတိုင်းဆွဲပြ၍ ကလေးများအား ရွတ်ဆိုပါစေ။
- ကလေး ၂ ဦး (သို့) ၃ ဦးခန့်အား အတန်းရှေ့သို့ခေါ်၍ "A"အက္ခရာကို အရစ်အဆွဲမှန်စွာ လက်ဖြင့် ထပ်ရေးစေ၍ အက္ခရာအမည်ကိုလည်း ရွတ်ဆိုပါစေ။

DBE BOX

- ကလေးများအားလုပ်ငန်းပေးစာအုပ်ရှိ အစက်ချရေးထားသော "A"အက္ခရာပေါ်တွင် ထပ်၍ ရေးပါစေ။
- လိုအပ်လျှင် ဆရာက ကူညီပံ့ပိုးပေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မိသားစုအတွင်းကျင်းပသောပွဲများအကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။ပွဲများအမေး၊ အဖြေပြုလုပ်ခြင်း (၅ မိနစ်)**

- **အောက်ပါမေးခွန်းများကိုသုံး၍ဆရာက တစ်တန်းလုံးဆွေးနွေးပါ။**
- **ပွဲသွားဖူးသလား။**
- ပွဲတွေသွားရတာပျော်လား/မပျော်ဘူးလား။
- **မိသားစု၊အိမ်၊ကျောင်းတွေမှာဘာပွဲတွေလုပ်ကြသလဲ။**

**နှစ်ယောက်တစ်တွဲတွဲ၍ဆွေးနွေးတင်ပြခြင်း (၁၅ မိနစ်)**

- **ထို့နောက်သွားခဲ့ဖူးသောပွဲများအကြောင်းကို ကလေးနှစ်ယောက်တစ်တွဲတွဲ၍ ဆွေးနွေးပါစေ။**
- **တစ်ဦးပြောသောအကြောင်းအရာကို ကျန်တစ်ဦးကအတန်းသို့ တင်ပြစေပြီး ဆရာက သင်ပုန်းပေါ်တွင် တင်ပေးပါ။(ဥပမာ-မွေးနေ့ပွဲ၊ဘုရားပွဲ၊. . . )**
- **အိမ်နှင့် ရပ်ရွာရှိပွဲတော်များကိုခွဲခြားကစားခြင်း (၁၀ မိနစ်)**
- **ထို့နောက် စာသင်ခန်းတွင် မိသားစုနှင့် ရပ်ရွာဟူသော ရုပ်ပုံပါ စာတမ်းနှစ်ခုကို နေရာ(၂)ခုခွဲ၍ ကပ်ထားပါ။ ဆရာက သင်ပုန်းပေါ်ရှိပွဲအမည်တစ်ခုကို ရွတ်ပြတိုင်း ကလေးများအားသက်ဆိုင်ရာနေရာတွင် ရပ်စေခြင်းဖြင့် မိသားစုနှင့်ရပ်ရွာတွင် ကျင်းပသောပွဲအမည်ကိုသိပါစေ။ (ဥပမာ- မွေးနေ့ဟုပြောလျှင် မိသားစုနေရာတွင်ရပ်ရန်)**
- ဆရာက မိသားစုများအတွင်း ကျင်းပသော ပွဲများရှိကြောင်း ပြောပြပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၁ ထိကိန်းများကိုရေတွက်တတ်၊ ဖတ်တတ်ရန်။

လုပ်ငန်းစဉ်။ **။ကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

**အားလုံးညီညွတ်တယ်**

၁၊ ၂၊ ၃ ညီမပန်းတွေကုံး
၄၊ ၅၊ ၆ နွားနို့မှန်မှန်သောက်
၇၊ ၈၊ ၉ ဥယျာဉ်ကလေးကိုပျိုး
၁၀၊ ၁၁၊ ၁၂ ကိုယ့်တိုင်းကိုယ်ပြည်ချစ်
၁၃၊ ၁၄၊ ၁၅ ပန်းချီဆွဲပါလား
၁၆၊ ၁၇၊ ၁၈ အမှိုက်ယူလို့ပစ်
၁၉ နဲ့ ၂၀ အားလုံးညီညွတ်တယ်။ (တင်မိုး)

- **ကိန်းရေတွက်ခြင်းနှင့်ဖတ်ခြင်း (မိနစ် ၂၀)**
- **ပိုက်ချောင်း ၁၁ ချောင်းကို ယူပါ။ ၁ မှ ၁၀ ထိ ကလေးများနှင့်အတူ ရေတွက်ပါ။ (အခြားပစ္စည်းဖြင့် အစားထိုးနိုင်ပါသည်။)**
- ၎င်းပိုက်ချောင်း **၁၀ ချောင်းကို တစ်စည်း စည်းပြပါ။**
- **၁၀ ချောင်းစည်း တစ်စည်းကိုမည်သို့ဖတ်မည်နည်းဟု မေးပါ။**
- တစ်ဆယ်ဟုဖတ်ကြောင်းပြန်ပြောပြပါ။



DBE BOX

- ၄င်း ၁၀ ချောင်းစည်းတစ်စည်းနှင့်ပိုက်ချောင်းတစ်ချောင်းကို တွဲ၍ပြပါ။
- တစ်ဆယ်နှင့်တစ်၊ "တစ်ဆယ့်တစ်" ဟုပြောပါ။
- ဆရာက သင်ပုန်းပေါ်တွင် "၁၁" ဟုရေးပြပြီး "တစ်ဆယ့်တစ်"ဟုဖတ်ကြောင်းပြောပါ။
- ကိန်းကိုထောက်ပြပြီးဖတ်ခိုင်းပါ။
- ကလေးများအုပ်စုဖွဲ့ကာ အုပ်စုတစ်စုစီအား ရေတွက်၍ရသော ဝတ္ထုပစ္စည်းများပေးထားကာ ၁၁ ထိအလှည့်ကျရေတွက်ပါစေ။
- ဆရာကလှည့်လည်ကြည့်ရှုပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"အလှူပွဲ"ကဗျာရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**အလှူပွဲကဗျာရွတ်ဆိုခြင်း (မိနစ် ၃၀)**

- အလှူပွဲ ကဗျာကို အသံနေအသံထားဟန် အမူအရာဖြင့် ရွတ်ဆိုပါမည်။

**အင်္ဂါနေ့**

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုအမူအရာဖြင့်ပြန်ပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**"တိုင်းရင်းသားအလှစုပေါင်းက"ပုံပြင်ကိုကြည့်၍ကလေးများအားပြောစေခြင်း(မိနစ် ၂၀)**

- ယခင်သင်ကြားပြီးသောပုံပြင်ပြောနည်းအတိုင်းပြောပါ။
- ကလေးများအားပြောပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ "မ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"မ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကဗျာများရွတ်ဆိုနည်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"မ"ဗျည်း၏ အသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"မ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ပြုလုပ်ပါ။
- "မ"ဗျည်း၏အမည်သည်"မ"ဖြစ်သည်။
- "မ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း
- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာများလေ့ကျင့်ရေးဆွဲခြင်းလုပ်ငန်းအတိုင်းပြုလုပ်ပါ။
- ဥပမာ-မမ၊ မရန်းသီး၊ မဆလာ

အသေးစိတ်သင်ယူမှုရလဒ်။ ။"မ"ဗျည်းကို ကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"မ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်း ကူးရေးခြင်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"A"အက္ခရာကို ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ "A"**အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း(၁၅ မိနစ်)**

- သင်ပုန်းပေါ်တွင်ရေးဆွဲထားသော "A"**အက္ခရာ၏အမည်ကိုကလေးများရွတ်ဆိုပါစေ။**
- **ဆရာက "A"အက္ခရာကို အရစ်အဆွဲမှန်စွာဖြင့် ရေးပြပါ။**
- **ကလေးများအား လုပ်ငန်းပေးစာအုပ်ပေါ်ရှိ လေးကြောင်းမျဉ်းပေါ်တွင်** "A"အက္ခရာကို **အရစ်အဆွဲမှန်စွာဖြင့် ရေးပါစေ။**
- လိုအပ်ပါက ဆရာက ကူညီပံ့ပိုးပေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။ကဗျာကို အမူအရာဖြင့် ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။ “Good morning” **ကဗျာကို ရွတ်ဆိုခြင်း (၁၅ မိနစ်)**

“Good morning” ကဗျာကို ဟန်ပန်အမူအရာဖြင့် ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မွေးနေ့ပွဲအကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **မေး၊ ဖြေပြုလုပ်ခြင်း (၁၀ မိနစ်)**

- မွေးနေ့ပွဲလုပ်ဖူးသလား။
- မွေးနေ့ပွဲသွားဖူးသလား။
- ဒီလမှာမွေးတဲ့သူတွေက ဘယ်သူတွေလဲ။
  (မှတ်ချက်။ ။ကလေးများမပြောနိုင်ပါက ဆရာက ကျောင်းခေါ်ချိန်စာရင်းကို ကြည့်၍ ဤလတွင် မွေးသောသူများကို ပြောပြပါ။)
- မွေးနေ့ပွဲဆိုတာဘာလဲ။
- ဆရာ အဓိကထား၍ဆွေးနွေးရန်။ (အမေက မွေးပေးသောနေ့သည် မွေးနေ့ဖြစ်သည် ဟုပြောပါ။)
- **လက်ဆောင်ပေးတမ်းကစားခြင်း (မိနစ် ၂၀)**
- စိတ်ကူးလက်ဆောင်ပေးတမ်းကစားနည်းဖြင့်ကစားပါ။
- ကလေးတစ်ဦးအားအတန်းရှေ့သို့ထွက်လာစေပြီး ဆရာက ကလေးအား လက်ဆောင်တစ်ခုပေးမည်ဟု ပြောပါ။ ကလေးကို ဘာမှမပြောဘဲ စိတ်ကူးလက်စွပ်လေးတစ်ကွင်းကို ကလေး၏ လက်မှာစွပ်ပေးလိုက်ပါ။ အတန်းရှိကလေးများကို ဆရာကပေးသော လက်ဆောင်အမည်ကို ပြောခိုင်းပါ။ ထိုနည်းအတိုင်း ကလေးအချင်းချင်း စိတ်ကူးလက်ဆောင်ပေးနည်းဖြင့်ကစားစေပါမည်။(ဒေါက်တာသိန်းလွင်ကစားနည်း၁၀၀စာအုပ်မှ)

အသေးစိတ်သင်ယူမှုရလဒ်။ ။မွေးနေ့ပွဲအကြောင်းပြောပြတတ်ရန်။

လုပ်ငန်းစဉ် ။ ။ **ပျော်ရွှင်စရာမွေးနေ့ကဗျာရွတ်ဆိုခြင်း (၁၀ မိနစ်)**

- (ပျော်ရွှင်စရာမွေးနေ့ သင့်အတွက်)၂
- ပျော်ရွှင်စရာမွေးနေ့ သင့်အတွက်ပါ . . . . . . .
- ပျော်ရွှင်စရာမွေးနေ့ သင့်အတွက်
- ကဗျာမရွတ်နိုင်ပါက အောက်ဖော်ပြပါ မွေးနေ့ဆုတောင်းကိုဆရာက ပြောပြပါ။
  . . . . .၏. . . . . . ရက်တွင်ကျရောက်သောမွေးနေ့မှသည် နောင်နှစ်ပေါင်းများစွာ ကျန်းမာပျော်ရွှင်စွာ ပညာသင်ယူနိုင်ပြီးလိုအင်ဆန္ဒများ အောင်မြင်ပြည့်ဝပါစေကြောင်း ဆရာနှင့်သူငယ်ချင်းများက ဆုမွန်ကောင်းတောင်းအပ်ပါသည်။
  ဆရာနှင့်သူငယ်ချင်းများ

  **ဖိတ်စာ၊ဦးထုပ်၊လက်ဆောင်ပြုလုပ်ခြင်း (မိနစ် ၂၀)**
- မွေးနေ့ပွဲအတွက်အုပ်စုငယ်များဖွဲ့၍ဖိတ်စာ၊ ဦးထုပ်၊လက်ဆောင်ကိုပြုလုပ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မွေးနေ့ပွဲကျင်းပရာတွင်ပါဝင်သောပစ္စည်းများပြုလုပ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**လက်ဆောင်ပြုလုပ်ခြင်း (မိနစ် ၃၀)**

- အုပ်စုဖွဲ့၍မွေးနေ့ပွဲတစ်ခု ကျင်းပရာတွင်ပါဝင်သော ဖိတ်စာ၊ ဦးထုပ်၊ လက်ဆောင်များ ပြုလုပ်ခြင်း၊ ဆေးခြယ်ခြင်းပြုလုပ်ပါစေ။

ဗုဒ္ဓဟူးနေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ကိုခန့်မှန်းပြောတတ်ရန်။

လုပ်ငန်းစဉ်။ ။**"သီတင်းကျွတ်ရောက်ပြီ"ပုံပြင်ပါရုပ်ပုံများကိုကြည့်၍ပြောစေခြင်း(၁၅ မိနစ်)**

- "သီတင်းကျွတ်ရောက်ပြီ"ပုံပြင်စာအုပ်မျက်နှာဖုံးရှိ ရုပ်ပုံနှင့်အတွင်းစာမျက်နှာရှိရုပ်ပုံများကိုခန့်မှန်းပါစေ။
- ပုံပြင်စာအုပ်ရှိ အကြောင်းအရာပါ အချက်များ ခန့်မှန်းချက်များမှန်ကန်ပါက ဆရာက ထုတ်ဖော်ချီးကျူးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဖ"ဗျည်းကိုအသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဖ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကဗျာများရွတ်ဆိုနည်းအတိုင်းပြုလုပ်ပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဖ"ဗျည်း၏ အသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဖ"ဗျည်းအသံနှင့်အမည်ရွတ်ဆိုခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသောဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ပြုလုပ်ပါ။
- "ဖ"ဗျည်း၏အမည်သည်"ဖဦးထုပ်"ဖြစ်သည်။
- "ဖ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း
- ယခင်သင်ကြားပြီးသော ဗျည်းအက္ခရာများ လေ့ကျင့်ရေးဆွဲခြင်းလုပ်ငန်းအတိုင်း ပြုလုပ်ပါ။
- ဥပမာ-ဖရဲသီး၊ ဖခင်၊ ဖရုံသီး၊ ဖလား

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဖ"ဗျည်းကိုကူးရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**"ဖ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကူးရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"E"အက္ခရာကို ရွေးချယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။**"E"အက္ခရာကို ရွေးချယ်ခြင်း (၁၅ မိနစ်)**

- ယခင်သင်ပြီးသည့်အက္ခရာ ရွေးချယ်နည်းအတိုင်း ရွေးချယ်ပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"E" အက္ခရာကို အစက်များပေါ်တွင် ထပ်ရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။ **"E"အက္ခရာကို အစက်များပေါ်တွင်ထပ်ရေးခြင်း(၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အစက်များပေါ်တွင်ထပ်ရေးနည်းအတိုင်း ရေးပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။၁၁ ထိကိန်းများကိုရေးတတ်ရန်။

လုပ်ငန်းစဉ်။ ။**ရေတွက်ခြင်း (၅ မိနစ်)**

- ပိုက်ချောင်း (သို့) ပစ္စည်းစစ်ကိုပြ၍ ၁ မှ ၁၁ ထိ ရေတွက်ပါ။ ကလေးများနှင့်အတူ ရေတွက်ပါ။
- **ဖတ်ခြင်း (၅ မိနစ်)**
- ၎င်းပိုက်ချောင်း ၁၀ ချောင်းကို တစ်စည်း စည်းပြီးရရှိလာသော တစ်စည်းနှင့် တစ်ခုကို ကိန်းကတ်ပြားနှင့် ယှဉ်ပြကာ မည်ကဲ့သို့ဖတ်ကြောင်းပြန်မေးပါ။
- ထိုနောက် ဆရာက သင်ပုန်းပေါ်တွင် "၁၁"ကိုရေးပြပြီး "တစ်ဆယ့်တစ်"ဟု ဖတ်ပါစေ။

DBE Box

ရေးခြင်း (မိနစ် ၂၀)

- ကလေးများအားကျောခိုင်း၍လေထဲတွင် "၁၁"ကို ရေးပြပါ။
- ကလေးများကိုလည်းလေထဲတွင်လိုက်ရေးပါစေ။
- သုံးကြိမ်ခန့်ပြုလုပ်ပါစေ။
- ဆရာက ကလေးများတစ်ဦးချင်းစီ၏စာအုပ်တွင် ၁၁ကိန်းတစ်လုံးစီရေးပေးပါ။
- ကလေးများအား ၁၁ကိန်းကို စာအုပ်တွင်ဆက်၍ကူးရေးပါစေ။
- ဆရာကအတန်းအတွင်းလှည့်လည်ကြည့်ရှုပေးပါ။

အသေးစိတ်သင်ယူမှုရလဒ်။ ။မွေးနေ့ပွဲကိုကစားခြင်းနည်းဖြင့် သရုပ်ဖော်တတ်ရန်။

လုပ်ငန်းစဉ် ။ ။ မွေးနေ့ရထားစီးကစားနည်းဖြင့်သရုပ်ဖော်ခြင်း (မိနစ် ၃၀)

- ပြုလုပ်ထားသော ဖိတ်စာ၊ ဦးထုပ်၊ လက်ဆောင်များကိုအသုံးပြု၍ မွေးနေ့ပွဲကျင်းပပါမည်။
- ကလေးတစ်ဦးအားမွေးနေ့ရှင်အဖြစ်ရွေးပါ။ ကျန်ကလေးတွေ ဝိုင်းပြီးရပ်ပါစေ။ ဆရာက မွေးနေ့ရှင်ကလေး၏လက်ကိုဆွဲပြီး ကလေးတွေ ဝိုင်းထားသည့် အဝိုင်း၏အတွင်းဘက်မှ လျှောက်ပါ။ ကျန်ကလေးများက အောက်ပါကဗျာကို ရွတ်ပြီး တစ်ယောက်ခါးကို တစ်ယောက်ဖက်၍ ရထားလှုပ်ရှားပုံကဲ့သို့ သရုပ်ဆောင်ပါစေ။

  (ထွက်လာပြီ)၂ မွေးနေ့ရထားကြီး ထွက်လာပြီ မွေးနေ့ရှင်လေးပြုံးနေတယ်၊ ရထားကြီးပေါ်တက်ပါကွယ်၊ မွေးနေ့ရှင်လေးဘာလိုတယ်၊ တို့ကို ပြောပါကွယ်၊ လိုချင်တာသွားဝယ်စို့၊ ရထားကြီးကို တို့မောင်းစို့ (ဂျုံး ဂျုံး ဂျက် ဂျက်)၂
- ကလေးတိုင်းကိုမွေးနေ့ရှင်အဖြစ်အလယ်မှာထားပြီး ထိုကစားနည်းကို ကစားနိုင်ပါသည်။ (ဒေါက်တာသိန်းလွင်ကစားနည်း ၁၀၀ မှ)

အသေးစိတ်သင်ယူမှုရလဒ်။ ။မွေးနေ့ကိတ်ပုံ၊ လက်ဆောင်ပစ္စည်းပုံရေးဆွဲ၍ အရောင်ခြယ်တတ်ရန်။

လုပ်ငန်းစဉ်။ ။ မွေးနေ့ကိတ်၊လက်ဆောင်ပုံဆွဲဆေးခြယ်ခြင်း (မိနစ် ၃၀)

- မွေးနေ့ကိတ်ပုံ၊ လက်ဆောင်ပစ္စည်းပုံရေးဆွဲ၍ အရောင်ခြယ်ပါစေ။

ကြာသပတေးနေ့

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဖ"ဗျည်းကို အသံထွက်ရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။"ဖ"ဗျည်းကဗျာရွတ်ဆိုခြင်း (၁၅ မိနစ်)

- ယခင်သင်ကြားပြီးသောဗျည်းကဗျာများရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။

အသေးစိတ်သင်ယူမှုရလဒ်။ ။"ဖ"ဗျည်း၏ အသံနှင့်အမည်ကိုရွတ်ဆိုတတ်ရန်။

လုပ်ငန်းစဉ်။ ။"ဖ"ဗျည်းအသံနှင့်အမည်ကို ရွတ်ဆိုခြင်း (၁၅ မိနစ်)

- ယခင်သင်ကြားပြီးသောဗျည်းအသံနှင့်အမည်ရွတ်ဆိုနည်းအတိုင်း ရွတ်ဆိုပါစေ။
- "ဖ"ဗျည်း၏အမည်သည်"ဖဦးထုပ်"ဖြစ်သည်။
- "ဖ"ဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်း
- ယခင်သင်ကြားပြီးသောဗျည်းအက္ခရာစာလုံးဆက်စပ်ခြင်းအတိုင်း ဆက်စပ်ပါစေ။
- ဥပမာ-ဖရဲသီး

သေးစိတ်သင်ယူမှုရလဒ်။ ။"ဖ"ဗျည်းကို ကူးရေးတတ်ရန်။

င်န်းစဉ်။ **။"ဖ"ဗျည်းကို ကူးရေးခြင်း (၁၅ မိနစ်)**

- ယခင်သင်ကြားပြီးသော ဗျည်းကူးရေးနည်းအတိုင်း ရေးပါစေ။

သေးစိတ်သင်ယူမှုရလဒ်။ ။ပုံပြင်ပါ ရုပ်ပုံများကိုကြည့်၍ ထင်မြင်ချက်ကိုပြောတတ်ရန်။

င်န်းစဉ်။ **။"သီတင်းကျွတ်ရောက်ပြီ"ပုံပြင်စာအုပ်ကိုကလေးများ၏ထင်မြင်ချက်ကိုပြောစေခြင်း(၁၅မိနစ်)**

- ယခင်သင်ကြားပြီးသော "သီတင်းကျွတ်ရောက်ပြီ"ပုံပြင်ပြောနည်းအတိုင်း ပြုလုပ်ပါ။

သေးစိတ်သင်ယူမှုရလဒ်။ ။"E"အက္ခရာကို ရေးတတ်ရန်။

င်န်းစဉ်။ **။"E"အက္ခရာကို လေးကြောင်းမျဉ်းတွင်ရေးဆွဲခြင်း(၁၅ မိနစ်)**

- ယခင်သင်ပြီးသည့် အက္ခရာများကိုလေးကြောင်းမျဉ်းပေါ်တွင် ရေးဆွဲနည်းအတိုင်း ရေးပါစေ။

သေးစိတ်သင်ယူမှုရလဒ်။ ။ A, B, C,D ကဗျာကို စည်းချက်ကျကျ သီဆိုတတ်ရန်။

င်န်းစဉ်။ **။ "A, B, C,D"ကဗျာကို သီဆိုခြင်း (၁၅ မိနစ်)**

- "A, B, C,D"ကဗျာကို ၂ ခေါက် (သို့) ၃ ခေါက် အသံထွက်မှန်စွာဖြင့် စည်းချက်နှင့်အညီ လက်ခုပ်တီး၍ ဆရာက ဦးစွာသီဆိုပြပါ။
- ဆရာနှင့်ကလေးများအတူတကွ စည်းချက်နှင့်အညီ လက်ခုပ်တီး၍ သီဆိုပါစေ။

သေးစိတ်သင်ယူမှုရလဒ်။ ။မိမိ၏ရပ်ရွာဒေသတွင်ကျင်းပသောပွဲတော်အကြောင်းကိုပြောပြတတ်ရန်။

င်န်းစဉ်။ **။ဘုရားပွဲတော်သွားစို့နော် ကဗျာရွတ်ဆိုခြင်း (မိနစ် ၂၀)**

- ဘုရားပွဲတော်သွားစို့နော် ကဗျာရွတ်ဆို၍ ဆွေးနွေးခြင်း

**"ဘုရားပွဲတော်သွားစို့နော်"**

(တူပျော်ပျော်)၂ဘုရားပွဲတော်သွားစို့နော်၊
သူငယ်ချင်းများနဲ့အတူပျော်၊ နွားလှည်းလေးနဲ့နော်၊
ဟေ့ နွားလှည်းလေးနဲ့နော်(တူပျော်ပျော်)၂
ပွဲဈေးတန်းလေးလျှောက်လို့နော်၊ ကောက်ညှင်းပေါင်းနဲ့
ဘူးသီးကြော် ဝယ်စားကြစို့နော် ဟေ့ ဝယ်စားကြစို့နော်။

- မုန့်များကိုမိမိဒေသအစားအစာများကို သံစဉ်အတိုင်း အစားသွင်း သင်ကြားနိုင်ပါသည်။

**မေး၊ ဖြေပြုလုပ်ခြင်း (၁၀ မိနစ်)**

- မိမိတို့ရပ်ရွာမှာ ဘာပွဲတွေကျင်းပသလဲ။
- ဘယ်ပွဲကိုအကြိုက်ဆုံးလဲ။
- အဲဒီပွဲမှာ ဘာတွေ တွေ့ရသလဲ။
- ဘယ်လိုအစားအစာတွေ ရောင်းတာတွေ့သလဲ။
- ဘယ်လိုအဝတ်အစားတွေဝတ်ကြသလဲစသည်ဖြင့် ရပ်ရွာဒေသတွင်ကျင်းပသောပွဲတော်အကြောင်းကိုဆွေးနွေးမည်။

အသေးစိတ်သင်ယူမှုရလဒ်။ ။ပွဲတော်တွင်ရောင်းချသော အစားအစာများမှ ကျန်းမာရေးနှင့်ညီညွတ်သော အစားအစာများကိုပြောပြတတ်ရန်။

လုပ်ငန်းစဉ်။ **။ပွဲတော်တွင်ရောင်းချသောအစားအစာများကိုဖော်ထုတ်ခြင်း (၅ မိနစ်)**

- ဆရာက အောက်ပါမေးခွန်းများကိုတစ်တန်းလုံးနှင့် ဆွေးနွေးပါ။
- ပွဲခင်းမှာ ဘာအစားအစာတွေ တွေ့ရသလဲ။
- ဘာတွေ ဝယ်စားသလဲ။ ဘာတွေ ရောင်းတာတွေ့သလဲ။
- အဲဒီမုန့်တွေကို ဘယ်လိုရောင်းနေကြသလဲ (ဖုံးအုပ်ထား/မထား)